ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၄) ၂၀၂၄ ခုနှစ် ဧပြီလ ၅ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၅ |
| ၂။ | ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ်ဖြည့်စွက်ပြဋ္ဌာန်းချက် ထုတ်ပြန်ခြင်း အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်းသည့် သတင်းစဉ်။ | ၆ |
| ၃။ | ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၏ အကျိုးသက်ရောက်မှု။ | ၇-၉ |
| ၄။ | ကမ္ဘောဒီးယားအစိုးရသည် မြေယာဥပဒေအသစ် ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း။ | ၁၀-၁၁ |
| ၅။ | ဖိလစ်ပိုင်နိုင်ငံတွင် Internet Transactions Act (ITA)ပြဋ္ဌာန်းခြင်း။ | ၁၂-၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၄) ၂၀၂၄ ခုနှစ် ဧပြီလ ၅ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသောဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေနှင့် ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေဘာသာပြန်ကော်မရှင် (The Legal Translation Commission)က မြန်မာဘာသာပြန်ဆိုထားသော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပြန်သည့် ရန်ပုံငွေဆိုင်ရာဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့်လုပ်ထုံးလုပ်နည်းများအမိန့်ကြော်ငြာစာ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ထုတ်ပြန်သည့်နိုင်ငံပိုင်အဆောက်အအုံများအားစာရင်းပြုစုခြင်း၊ စာရင်းအရထိန်းသိမ်းခြင်း၊ စာရင်းမှပယ်ဖျက်ခြင်းနှင့် ဌာနပိုင်အဖြစ်သုံးစွဲခွင့်ရခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ညွှန်ကြားချက်တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ၂၂-၂-၂၀၂၄ ရက်နေ့တွင် ညွှန်ကြားချက်အမှတ်(၁/၂၀၂၄) ဖြင့် နိုင်ငံပိုင်အဆောက်အအုံများအားစာရင်းပြုစုခြင်း၊ စာရင်းအရထိန်းသိမ်းခြင်း၊ စာရင်းမှပယ်ဖျက်ခြင်းနှင့် ဌာနပိုင်အဖြစ်သုံးစွဲခွင့်ရခြင်း လုပ်ငန်းစဉ်ဆိုင်ရာညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက နိုင်ငံပိုင်အဆောက်အအုံများအား စာရင်းပြုစုခြင်း၊ စာရင်းအရထိန်းသိမ်းခြင်း၊ စာရင်းမှပယ်ဖျက်ခြင်း၊ ဌာနပိုင်အဖြစ်သုံးစွဲခွင့်ရခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်အတွက် ဤညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညွှန်ကြားချက်အပိုဒ် ၁(ခ)၌ နိုင်ငံပိုင်အဆောက်အအုံဆိုသည်မှာ ဌာနပိုင်အဆောက်အအုံများနှင့် နိုင်ငံတော်က တရားဝင်ပိုင်ဆိုင်သည့် အဆောက်အအုံတို့ကို ဆိုကြောင်း၊ ၁(ဂ)၌ ဌာနပိုင်အဆောက်အအုံဆိုသည်မှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော သို့မဟုတ် ၎င်းတို့ပိုင်ဆိုင်သည့် ဌာနပိုင်စာရင်းရေးသွင်းထားသော လူနေအဆောက်အအုံ (ရုံး၊ ကျောင်း၊ အိမ်၊ ဆေးရုံ၊ ဟိုတယ်၊ သင်တန်းသားအိပ်ဆောင်၊ ဧည့်ရိပ်သာ၊ ဝန်ထမ်းအိမ်ရာစသည်)နှင့် အခြားအဆောက်အအုံ(သိုလှောင်ရုံ၊ စက်ရုံ၊ အလုပ်ရုံ၊ အားကစားရုံ၊ ဘွဲ့နှင်းသဘင်ခန်းမစသည်)တို့ကို ဆိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်းများသည် သတ်မှတ်သက်တမ်းပြည့်မီကျော်လွန်၍ ပြုပြင်နေထိုင်သုံးစွဲရန်မသင့်သည့် နိုင်ငံပိုင်အဆောက်အအုံစာရင်းမှ ပယ်ဖျက်လိုသော ကာလတန်ဖိုးကျပ်သိန်း ၅၀ နှင့်အထက် အဆောက်အအုံများကို တည်ဆဲတင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီရောင်းချပြီး နိုင်ငံပိုင်အဆောက်အအုံစာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် ညွှန်ကြားချက်အပိုဒ် ၂(က)မှ (ဈ)ပါ စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့တင်ပြခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ ကာလတန်ဖိုးကျပ်သိန်း ၅၀ နှင့်အထက် အဆောက်အအုံများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ခွင့်ပြုချက်ရရှိရမည်ဖြစ်ပြီး ကာလတန်ဖိုးကျပ်သိန်း ၅၀ အောက် အဆောက်အအုံများအတွက် သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်း၏ စီမံခန့်ခွဲမှုကော်မတီခွင့်ပြုချက်ရရှိပါက တည်ဆဲတင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အပိုဒ် (၃) ၌ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဌာန သို့မဟုတ် အဖွဲ့အစည်းသည် တည်ဆဲတင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးစီးပါက နိုင်ငံပိုင်အဆောက်အအုံစာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် ညွှန်ကြားချက်အပိုဒ် ၄ ပါ အတိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံပိုင်အဆောက်အအုံစာရင်းမှပယ်ဖျက်ရန် အတည်ပြုချက်ရရှိပြီးပါက အပိုဒ် ၅ ပါစာရွက်စာတမ်း၊အထောက်အထားများနှင့်အတူ နိုင်ငံပိုင်အဆောက်အအုံစာရင်းမှ

ပယ်ဖျက်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ ပြန်လည်အကြောင်းကြားရမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် အပိုဒ် ၅ ပါစာရွက်စာတမ်း၊အထောက်အထားများပြည့်စုံပါက နိုင်ငံပိုင်အဆောက်အအုံအဖြစ်မှ ပယ်ဖျက်သည့်စာရင်းသို့ရေးသွင်းပြီး သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်းသို့ပယ်ဖျက်ကြောင်း ပြန်လည်အကြောင်းကြားရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်းသည် သတ်မှတ်သက်တမ်းမကုန်ဆုံးမီ သဘာဝဘေးအန္တရာယ် သို့မဟုတ် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးသည့် သို့မဟုတ် ပြုပြင်နေထိုင်သုံးစွဲရန်မသင့်သည့် နိုင်ငံပိုင်အဆောက်အအုံများကို တန်ဖိုးသတ်မှတ်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီး တန်ဖိုးသတ်မှတ်၍ တည်ဆဲတင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီရောင်းချပြီး စာရင်းမှပယ်ဖျက်နိုင်ရေးလုပ်ငန်းစဉ်(၁)ပါအတိုင်းဆောင်ရွက်ရန်နှင့် လေလံတင်ရောင်းချ၍ မရနိုင်သည့်မျက်မြင်အခြေအနေအရ ကာလတန်ဖိုးကျပ်သိန်း ၅၀ နှင့်အထက်အဆောက်အအုံများကို ဖျက်သိမ်း၍ ဆယ်တင်တန်ဖိုးအတတ်နိုင်ဆုံးရရှိရေးဆောင်ရွက်ပြီး နိုင်ငံပိုင်အဆောက်အအုံစာရင်းမှ ပယ်ဖျက်နိုင်ရန်အတွက် အပိုဒ်၇(က)မှ(ည)အထိပါစာရွက်စာတမ်း၊အထောက်အထားများနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခွင့်ပြုချက် ရယူရမည်ဖြစ်ကြောင်း ၊ကာလတန်ဖိုး ကျပ်သိန်း ၅၀ နှင့်အထက်အဆောက်အအုံများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက် ရရှိရမည်ဖြစ်ပြီး ကာလတန်ဖိုးကျပ်သိန်း ၅၀ အောက်အဆောက်အအုံများအတွက် သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်း၏စီမံခန့်ခွဲမှုကော်မတီခွင့်ပြုချက်ရရှိပါက အဆိုပါအဆောက်အအုံကို သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်း၏အစီအစဉ်ဖြင့် ဖျက်သိမ်းရမည်ဖြစ်ကြောင်း အပိုဒ် ၈ ဖော်ပြထားပါသည်။

ဌာန သို့မဟုတ် အဖွဲ့အစည်းသည် အဆောက်အအုံအဟောင်း ဖျက်သိမ်း ရှင်းလင်းပြီးစီးပါက နိုင်ငံပိုင်အဆောက်အအုံစာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် အပိုဒ် ၉ (က)မှ (ဃ)ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံပိုင်အဆောက်အအုံစာရင်းမှ ပယ်ဖျက်ရန် အတည်ပြုချက်ရရှိပြီးပါက အပိုဒ် ၁၀(က) နှင့် (ခ) ပါ စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ နိုင်ငံပိုင်အဆောက်အုံစာရင်းမှ

ပယ်ဖျက်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ ပြန်လည် အကြောင်းကြားရမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန သည် အပိုဒ် ၁၀ ပါစာရွက်စာတမ်းများပြည့်စုံပါက နိုင်ငံပိုင်အဆောက်အအုံအဖြစ်မှ ပယ်ဖျက်သည့် စာရင်းသို့ရေးသွင်းပြီး သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်းသို့ ပယ်ဖျက်ကြောင်း ပြန်လည် အကြောင်းကြားရမည် ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်တွင်းပြည်ပအဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီများက ဌာနသို့မဟုတ် အဖွဲ့အစည်းများထံသို့ လှူဒါန်းသော သို့မဟုတ် စီမံကိန်းလုပ်ငန်းများပြီးဆုံး၍ လွှဲပြောင်းပေးအပ်ခဲ့သော အဆောက်အအုံ များကို ဌာနပိုင်အဖြစ် ဆက်လက်သုံးစွဲခွင့်ရရှိရန် သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်းသည် အပိုဒ် ၁၂(က)မှ (စ) ပါ စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့တင်ပြပြီး ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆောက်အအုံကို လက်ခံရယူသည့်သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်းက ဌာနပိုင်စာရင်းတွင် ရေးသွင်းရမည် ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက နိုင်ငံပိုင်အဆောက်အအုံစာရင်းတွင် ရေးသွင်းရမည်ဖြစ် ကြောင်း အပိုဒ် ၁၅ တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

နိုင်ငံပိုင်အဆောက်အအုံများနှင့်သက်ဆိုင်သည့်မြေကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အပိုဒ် ၁၈ ၌ ဖော်ပြထား ပါသည်။

ဌာန သို့မဟုတ် အဖွဲ့အစည်းသည် နိုင်ငံပိုင်အဆောက်အအုံများအား စာရင်းပြုစုခြင်း၊ စာရင်းအရ ထိန်းသိမ်းခြင်း၊ စာရင်းမှ ပယ်ဖျက်ခြင်းနှင့် ဌာနပိုင်အဖြစ်သုံးစွဲခွင့်ရခြင်းတို့ ဆောင်ရွက် ရာတွင် ဤညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ်ဖြည့်စွက်ပြဋ္ဌာန်းချက် ထုတ်ပြန်ခြင်း အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်းသည့် သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများနှင့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရာ၌ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသောပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ရန်အလို့ငှာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ် ဖြည့်စွက်ပြဋ္ဌာန်းချက်ထုတ်ပြန်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်းသိရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ ၂၀၀၉ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်တွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတံဆိပ်နှင့် နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုတံဆိပ်တို့ကို ဖြည့်စွက်ပြဋ္ဌာန်းခဲ့ကြောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတံဆိပ်တွင် သီရိဇေယျကျော်တံဆိပ်နှင့်သီရိသိခ်ကျော်တံဆိပ်တို့ပါဝင်ပြီး နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုတံဆိပ်တွင်သီရိသီဟကျော်တံဆိပ်နှင့်သီရိသူရကျော်တံဆိပ်တို့ပါဝင်ကြောင်း၊ ယင်းဖြည့်စွက်ပြဋ္ဌာန်းချက်တွင် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၏ အရည်အချင်းသတ်မှတ်ချက်များ၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၏ ပစ္စည်းအမျိုးအစား၊ ပုံသဏ္ဌာန်နှင့် အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရွယ်အစားနှင့် အရောင်အသွေး၊ တံဆိပ်ပါအမှတ်အသားများနှင့်စပ်လျဉ်းသည့် အဓိပ္ပာယ်ဖော်ဆောင်ချက်များ ပါဝင်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ စိစစ်ရေးဌာနခွဲ

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : ပြည်ထဲရေးဝန်ကြီးဌာန

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၏ အကျိုးသက်ရောက်မှု

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ တွင် နိုင်ငံတော်သမ္မတသည် (က) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပိုင်ခွင့်ရှိသည်၊ (ခ) အမျိုးသားကာကွယ်ရေး နှင့်လုံခြုံရေးကောင်စီ၏ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ပေးပိုင်ခွင့်ရှိသည်။ ထို့အပြင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁) အရ တစ်ဦးတစ်ယောက်အား ပြစ်မှုတစ်စုံတစ်ရာအတွက် ပြစ်ဒဏ်ချမှတ်ပြီးသောအခါ နိုင်ငံတော်သမ္မတသည် မည်သည့်အခါ စည်းကမ်းသတ်မှတ်ချက်မထားဘဲ ၎င်းကို စီရင်သည့် ပြစ်ဒဏ်အားလုံး သို့မဟုတ် အစိတ်အပိုင်းတစ်စုံတစ်ရာကို လွတ်ငြိမ်းသက်သာခွင့် ပေးနိုင်ပါသည်။

နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄(က) အရသော်လည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁(၁) အရသော်လည်းကောင်း အကျဉ်းထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား/သူတစ်ချို့ကို စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ပေးလိုက်သဖြင့် လွတ်မြောက်သူများတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော တရားခံများလည်းပါဝင်ရာ ၎င်းတို့မှာ တရားရုံးအမိန့်အရ ကျခံရမည့်ပြစ်ဒဏ်ကိုအပြည့်မခံရဘဲ လွတ်မြောက်လာခြင်းပင်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၂၃ တွင် "ပုဒ်မ ၁၆ မှ ပုဒ်မ ၂၂ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယခင်က ပုဒ်မ ၁၆ မှ ပုဒ်မ ၂၂ အထိ ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှု ထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ် ကိုချမှတ်ခြင်းခံရမည်"ဟု ပြဋ္ဌာန်းထားသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၄) ၂၀၂၄ ခုနှစ် ဧပြီလ ၅ ရက်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၅၇(ဂ)တွင် "ဥပဒေပုဒ်မ ၁၆ မှ၂၀ အထိ ပြဋ္ဌာန်းထားသော ပုဒ်မ၏ ပုဒ်မခွဲပါပြုလုပ်မှုတစ်ခုခုအတွက် ဖြစ်စေ၊ ပုဒ်မ ၂၁ ပါ ပြုလုပ်မှုတစ်ခုခုအတွက်ဖြစ်စေ ယခင်က ပြစ်မှုထင်ရှားစီရင်ခံခဲ့ရသော်လည်း ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်(Amnesty)ပေးလျှင်သော်လည်းကောင်း၊ အယူခံ သို့မဟုတ် ပြင်ဆင်မှုတွင် တရားသေလွှတ်လျှင်သော်လည်းကောင်း ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍ တရားစွဲဆိုခြင်း မပြုရ"ဟု ပြဋ္ဌာန်းထားပါသည်။

ယင်းနည်းဥပဒေ၌ ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဆိုသည့် စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိကြောင်း၊ ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း(Amnesty) ဆိုသည့်စကားရပ်အား အဓိပ္ပာယ်ကောက်ယူရာတွင် ဥပဒေပုဒ်မ ၂၃ ပါ ပြစ်မှုထင်ရှားစီရင်ခြင်း (Conviction) ဆိုသည့်စကားရပ်ကို ထည့်သွင်းစဉ်းစား၍ အဓိပ္ပာယ် ကောက်ယူရမည်ဖြစ်ကြောင်း၊ ဥပဒေပုဒ်မ ၂၃ အရ ဆိုလျှင် ထိုပုဒ်မပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းအား တစ်နည်းနည်းဖြင့် ပယ်ဖျက် ရှင်းလင်းခြင်းမရှိသေးလျှင် နောက်ကျူးလွန်သည့် ပြစ်မှုအတွက် ပုဒ်မ ၂၃ ဖြင့် ပူးတွဲတရားစွဲဆိုရမည့် အဓိပ္ပာယ်ဖြစ်ကြောင်း၊ နည်းဥပဒေ ၅၇(ဂ) ပါ ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း ဆိုသည့်စကားရပ်သည် ပြစ်မှုထင်ရှားစီရင်ခြင်းကို အပြီးတိုင် ရှင်းလင်းဖယ်ရှားလိုက်သည့်အထိ အကျိုးသက်ရောက်စေသည့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း တစ်နည်းအားဖြင့် ပြစ်မှုကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း (Amnesty)ဖြစ်သည်ဟု အဓိပ္ပာယ် ကောက်ယူရပေမည်။

ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေးခြင်းမှာ ပြစ်မှုနှင့်စပ်လျဉ်း၍ သက်သာခွင့်ပေးခြင်း မဟုတ်ဘဲ ကျခံရန် ကျန်ရှိသောပြစ်ဒဏ်နှင့်စပ်လျဉ်း၍ သက်သာခွင့်ပေးခြင်းဖြစ်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ထောက်ခံချက်နှင့် ထုတ်ပြန်သည့်ပြစ်မှုကို လွတ်ငြိမ်းသက်သာခွင့်ပေးသည့်အမိန့်မဟုတ်ဘဲ နိုင်ငံတော်သမ္မတအမိန့်ဖြင့် ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ပေးခြင်းသည် ကျခံရန် ကျန်ရှိသည့်ပြစ်ဒဏ်ကိုသာ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းခွင့်ပေးခြင်း

ဖြစ်သောကြောင့် ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်အထိ အကျိုးသက်ရောက်မှုရှိသည်ဟု ကောက်ယူနိုင်မည်မဟုတ်ကြောင်းဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆုံးဖြတ်ထားကြောင်း သိရှိရပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြစ်မှုဆိုင်ရာအမှုလိုက်ဌာနခွဲ

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် - ၂၀၂၃ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၆

## ကမ္ဘောဒီးယားအစိုးရသည် မြေယာဥပဒေအသစ်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိခြင်း

ကမ္ဘောဒီးယားအစိုးရသည် ၂၀၀၁ ခုနှစ်ကတည်းက အာဏာသက်ဝင်နေသော မြေယာဥပဒေကိုအစားထိုးရန်အတွက် မြေယာဥပဒေအသစ်အားပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။အဆိုပါ မြေယာဥပဒေအသစ်သည် ကမ္ဘောဒီးယားနိုင်ငံအား ၂၀၅၀ ပြည့်နှစ်အရောက်တွင် အလွန်မြင့်မားသောဝင်ငွေရရှိရေးရည်မှန်းချက်သို့ ရောက်ရှိအောင် ပြုလုပ်ပေးနိုင်မည်ဟုသိရပါသည်။

၂၀၀၁ခုနှစ်မြေယာဥပဒေသည် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအားပိုင်ဆိုင်ခြင်း၊လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းတို့အတွက် ပင်မဥပဒေအရင်းမြစ်ဖြစ်ပါသည်။

၂၀၀၁ ခုနှစ် မြေယာဥပဒေ၊ အပိုဒ် ၈ တွင် မွေးရာပါခမာလူမျိုးများနှင့် တရားဝင်နိုင်ငံသားများသာလျှင် ကမ္ဘောဒီးယားဘုရင့်မြေယာကို ပိုင်ဆိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ နိုင်ငံသားအဖြစ်လိမ်လည်ထားသော နိုင်ငံခြားသားများအနေဖြင့် ကမ္ဘောဒီးယားဘုရင်၏ မြေယာအားပိုင်ဆိုင်ထားပါက ၂၀၀၁ခုနှစ် မြေယာဥပဒေ၊ အပိုဒ် ၂၅၁ အရ အပြစ်ပေးခြင်းခံရမည်ဖြစ်ပါသည်။ မည်သည့်ပစ္စည်းမဆို လျော်ကြေးပေးဆောင်ခြင်းမရှိပဲ နိုင်ငံပိုင်အဖြစ် သိမ်းယူခြင်းခံရမည်ဖြစ်ပါသည်။ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံခြားသားများသည် ကမ္ဘောဒီးယားဘုရင့်မြေယာကို ပိုင်ဆိုင်ခွင့်မရှိနိုင်ဟု ပြဋ္ဌာန်းထားပါသည်။

မတ်လ ၂၆ ရက်နေ့တွင်ပြုလုပ်သော မြေယာဥပဒေမူကြမ်းဆွေးနွေးပွဲတွင် မြေယာစီမံခန့်ခွဲမှု၊ မြို့ပြစီမံကိန်းနှင့် ဆောက်လုပ်ရေးဝန်ကြီး၊ Samal က ဥပဒေအသစ်အား ဝန်ကြီးဌာနအဆင့်တွင် ဆွေးနွေးရမည်သာမက ခရိုင်ကောင်စီအဆင့်၊လူမှုအဖွဲ့အစည်းများနှင့်ပါဆွေးနွေးရမည်ဟု ပြောကြားခဲ့ပါသည်။ ၎င်းက ထပ်မံပြီး ဥပဒေမူကြမ်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ အနာဂတ်လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားတိုးတက်ရေးတို့အတွက် အလွန်ပင် အရေးကြီးကြောင်း ဖြည့်စွက်ပြောကြားခဲ့ပါသည်။ ၎င်းက လူမှုအဖွဲ့စည်းပိုင်မြေယာများ၊ ကာကွယ်ထိန်းသိမ်းထားသောနေရာများနှင့်သုသာန်နေရာများကအစ သက်ဆိုင်ရာဥပဒေများကို အသေးစိတ်လေ့လာပြီး ဥပဒေကြမ်းအားသုံးသပ်သင့်ကြောင်း တိုက်တွန်းထားပါသည်။

မြေယာဥပဒေအသစ်သည် အီလက်ထရောနစ်ဝန်ဆောင်မှုစနစ်များကို မြှင့်တင်ပေးပြီး ဝန်ဆောင်မှုပေးရာတွင် ပြည်သူလူထုအတွက် လုပ်ထုံးလုပ်နည်းကြန့်ကြာမှုများ လျှော့ကျသွားမည်ဖြစ်ပါသည်။

၂၀၀၁ ခုနှစ် မြေယာဥပဒေ၏ပြဋ္ဌာန်းချက်များစွာအား ပြန်လည် ဖြည့်စွက်ခြင်းများ သို့မဟုတ် ပယ်ဖျက်ခြင်းများကို တရားမကိုဓဥပဒေဖြင့်ပြုလုပ်ခဲ့ပြီး ၂၀၁၁ခုနှစ်ဒီဇင်ဘာလတွင် အာဏာသက်ဝင်ခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တရားမကိုဓဥပဒေပါ ပြဋ္ဌာန်းချက်များကို ကိုးကား၍ မြေပေါင်နှံခြင်း၊ မြေငှားရမ်းခွင့် အခွင့်အရေးများ၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပိုင်ဆိုင်မှုပြောင်းလဲမှုများကို ပြုလုပ်လာနိုင်ခဲ့ပါသည်။

မြေယာဥပဒေအသစ်အား အတည်ပြုပြဋ္ဌာန်းနိုင်ရန်အလို့ငှာ အမျိုးသားညီလာခံ၏ကိုယ်စားလှယ်အနည်းဆုံးထက်ဝက်ခန့်က ထောက်ခံမှုရှိရန် လိုအပ်ပါသည်။ လက်ရှိကျင့်သုံးနေသော ၂၀၀၁ ခုနှစ် မြေယာဥပဒေသည် ခေတ်မီခြင်းမရှိတော့ပဲ ပြင်ဆင်စရာများ အလွန်များပြားနေသဖြင့် ဥပဒေအသစ်အားပြဋ္ဌာန်းရန်ဖြစ်ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source ; -[https://www.khmertimeskh.com/501463638/govt-replacing-23-year-old-land-law/](https://www.khmertimeskh.com/501463638/govt-replacing-23-year-old-land-law/)

-Cdc.gov.kh/law-and-regulations/land/#

## ဖိလစ်ပိုင်နိုင်ငံတွင် Internet Transactions Act (ITA) ပြဋ္ဌာန်းခြင်း

ဖိလစ်ပိုင်အစိုးရသည် နိုင်ငံ၏ e-commerce လုပ်ငန်းကို ထိန်းချုပ်သည့် Internet Transactions Act (ITA) ကို ၂၀၂၃ ခုနှစ်ကုန်ခန့်က ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေသည် e-commerce လုပ်ငန်းဆောင်ရွက်ရာတွင် စားသုံးသူများ၊ အွန်လိုင်းကုန်သည်များ၊ e-marketplaces နှင့် အခြားသော ဒစ်ဂျစ်တယ်ပလပ်ဖောင်းများ၏ အခွင့်အရေးနှင့် တာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးထားပါသည်။

ITA သည် သက်ဆိုင်သူအနည်းဆုံးတစ်ဦး ဖိလစ်ပိုင်နိုင်ငံတွင် တည်ရှိသည့် စီးပွားရေးလုပ်ငန်းအချင်းချင်းကြား၊ စီးပွားရေးလုပ်ငန်းနှင့် စားသုံးသူများကြား အွန်လိုင်းမှ အရောင်းအဝယ်ပြုလုပ်ကြသည့်ကိစ္စအားလုံးနှင့်သက်ဆိုင်ပြီး အွန်လိုင်းမီဒီယာနှင့် စားသုံးသူအချင်းချင်းကြားဆောင်ရွက်သည့် အရောင်းအဝယ်များနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိပါ။

အဆိုပါဥပဒေအရ အင်တာနက်မှ အရောင်းအဝယ်ပြုလုပ်ရာတွင် စားသုံးသူသည် ထိုက်သင့်သည့်ဂရုစိုက်မှုရှိရမည်ဖြစ်ပြီး ဝယ်ယူပြီးသည့်ပစ္စည်းအတွက် ငွေပေးချေပြီးခြင်း သို့မဟုတ် ပုပ်သိုးပျက်စီးလွယ်သည့်ပစ္စည်းဖြစ်လျှင် ပစ္စည်းကို delivery service သို့ပေးအပ်ပြီးဖြစ်လျှင် ဝယ်ယူခြင်းကိုပယ်ဖျက်၍ရမည်မဟုတ်ပါ။ သို့သော် စားသုံးသူက delivery service ကို ကုန်ကျမှုအတွက် ငွေပြန်ပေးခြင်း သို့မဟုတ် cancellation fee ကို သတ်မှတ်ခွင့်ပြုထားခြင်း သို့မဟုတ် အရောင်းအဝယ်ပြုသူအချင်းချင်း cancellation ပြုလုပ်ခြင်းကို သဘောတူညီခြင်းများရှိပါက ဝယ်ယူခြင်းကိုပယ်ဖျက်၍ ရနိုင်မည်ဖြစ်ပါသည်။ သို့သော် စားသုံးသူအနေဖြင့် ၎င်း၏ပေါ့လျော့မှုကြောင့် မဟုတ်ဘဲ ပစ္စည်းအပြစ်အနာအဆာရှိခြင်း၊ ပျက်ဆီးနေခြင်း သို့မဟုတ် ပစ္စည်းနှင့်ပတ်သက်၍ အာမခံချက်များမပြည့်မီခြင်းများရှိလျှင် ကုစားခွင့်များရရှိနိုင်မည်ဖြစ်ပါသည်။

အွန်လိုင်းပစ္စည်းရောင်းချသူများသည် ဖိလစ်ပိုင်နိုင်ငံ၏ Consumer Act အရ သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ပစ္စည်းတွင် ဈေးနှုန်းဖော်ပြခြင်းမပြုဘဲ ရောင်းချခြင်း၊ ပစ္စည်းတွင် ဖော်ပြထားသည့်ဈေးနှုန်းထက် ပို၍ ရောင်းချခြင်းများကို မပြုလုပ်ရဘဲ ဝယ်ယူမှုအားလုံးအတွက်ကိုလည်း digital invoice သို့မဟုတ် အရောင်းအဝယ်ဖြတ်ပိုင်း ထုတ်ပေးရမည်ဖြစ်ပါသည်။ ထို့ပြင် အွန်လိုင်းမှ

ရောင်းချသည့်ကုန်ပစ္စည်းသည် သက်မှတ်ဖော်ပြချက်များနှင့် ကိုက်ညီစေရေး၊ စားသုံးသူအား ပြသသည့် နမူနာ၊ ပုံများအတိုင်းဖြစ်စေရေးနှင့် ရောင်းချသူနှင့်စားသုံးသူ ဆက်သွယ်ပြောဆိုထားသည့် စားသုံးသူ၏ လိုအပ်ချက်များ ပြည့်မီစေရေးတို့အတွက် ရောင်းချသူများအနေဖြင့် ဆောင်ရွက်ရန် တာဝန်ရှိမည်ဖြစ်ပါသည်။ ပစ္စည်းပေးအပ်ရာတွင် လိုအပ်သည့် accessories များ ပါရှိရမည်ဖြစ်ပြီး အသုံးပြုပုံကို ဖိလစ်ပိုင်ဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားများဖြင့် ဖော်ပြရမည်ဖြစ်ပါသည်။ ထို့ပြင် ရောင်းချသူ၏ လုပ်ငန်းအမည်၊ လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ အီးမေးလ်များကိုလည်း ၎င်းတို့၏ homepage တွင်ဖော်ပြထားရမည်ဖြစ်ပါသည်။ စားသုံးသူ၏အချက်အလက်များ လုံခြုံရေးကိုလည်း Data Privacy Act နှင့်အညီ အကာအကွယ်ပေးရမည်ဖြစ်ပါသည်။

အဆိုပါ ITA ဥပဒေတွင် e-marketplaces ၏ တာဝန်များ၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဌာန (Department of Trade and Industry) ဖွဲ့စည်းခြင်းများ၊ တားမြစ်သည့်ပစ္စည်းများ ရောင်းချပါက အဆိုပါဌာန၏ take-down order ထုတ်ပြန်ခွင့်များ၊ သက်ဆိုင်ရာကထုတ်ပြန်သည့် အမိန့်များကို လိုက်နာခြင်းမရှိပါက website, webpage, online application, social media account များကို blacklist ထည့်သွင်းခြင်းများနှင့်စပ်လျဉ်း၍လည်း ဖော်ပြပါရှိသည့် အပြင် ITA ကို လိုက်နာခြင်းမရှိပါက ရောင်းချသူများကိုချမှတ်နိုင်သည့် ငွေဒဏ်များလည်း ဖော်ပြပါရှိပါသည်။

စားသုံးသူသည် ၎င်း၏နစ်နာဆုံးရှုံးမှုများအတွက် စတင်ဖြစ်ပွားသည့်အချိန်မှ ၂ နှစ်အတွင်းတွင် တင်ပြတောင်းဆိုရမည်ဖြစ်ပြီး ITA ပါ ပြဋ္ဌာန်းချက်များကိုချိုးဖောက်သည့် ရောင်းချသူများသည်လည်း blacklist ထည့်သွင်းခံရခြင်း၊ လုပ်ငန်းရပ်ဆိုင်းခံရခြင်း၊ ပြစ်ဒဏ်ချမှတ်ခံရခြင်းများခံရမည် ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.aseanbriefing.com/news/category/legal-regulatory/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

